# ကြည်လင်ပြတ်သားစွာလေ့လာခြင်းကောက်နုတ်ချက်များ

Message Five

## ခရစ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ဇာတိစွမ်းရည်နှင့် အသက်၏ရင့်ကျက်ခြင်း၏ ရှင်ပြန်ထမြောက်သောစွမ်းရည်သည် ဆန့်ကျင်ဘက်ဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ၁ဘုရင်၊၃း၁။ ၁၁း၁-၈။ ယောရှု၊၉း၁၄။ ၁ကော၊၁း၂၄၊ ၃၀။ ဟေရှာ၊၄၅း၁၅။ ၃၇း၃၁။ မ၊၆း၆

**I. ရှောလမုန်သည် ပညာရှိသောလူနှင့် နားလည်နိုင်သောဉာဏ်ရှိသောလူ ဖြစ်လာခဲ့သည် (၂ရာ၊၁း၁၀။ ညွှန်း၊ ကော၊၂း၂၈-၃)။ သို့သော်လည်း သူသည် ရုပ်တုကိုးကွယ်သော မိန်းမများစွာကို ယူခဲ့ပြီး၊ သူတို့၏ရုပ်တုများကို ကိုးကွယ်ကာ၊ ရုပ်တုများကို ကိုးကွယ်ရန် လူများအဖို့ နေရာများကို တည်ဆောက်ပေးခဲ့သောကြောင့်၊ သူသည် ဘုရားသခင်ပေးထားသော ပညာတော်နှင့် ဘုရား သခင်ပေးထားသော နားလည်နိုင်သောဉာဏ်ကို ဆုံးရှုံးသွားခဲ့ရသည်။ သူသည် အလွန်ပင် မိုက်မဲသူဖြစ်လာကာ၊ သူ၏ နိုင်ငံအဖို့ ပျက်စီးထိခိုက်မှုကို ယူဆောင်လာခဲ့သည် (၁ဘုရင်၊၃း၁။ ၁၁း၁-၈)။**

A. ရှောလမုန်၏ဖခင်ဖြစ်သော ဘုရားသခင်၏စိတ်နှလုံးတော်အတိုင်း ဖြစ်သည့်လူ ဒါဝိဒ် သည်လည်း ဤသို့သော မိမိ၏တပ် မက်မှုအလိုသို့လိုက်ခြင်း၏ အလွန်ဆိုးဝါးလှသော၊ အရုပ်ဆိုးလှသော အပြစ်၌ ရှုံးနိမ့်ခဲ့သည် (၂ရှမွေ၊၁၁)။ ဤစာတန်ဆိုင်ရာ စုံစမ်း သွေးဆောင်ခြင်း၌ ရှောလမုန်၏ ကျရှုံးမှုသည် သူ့ဖခင်၏ကျရှုံးမှုထက် ပို၍ကြီးမားခဲ့ သည်။ သူ၏ကျဆင်းမှုသည် တိုင်းတစ်ပါးမိန်းမများစွာကို ချစ်ခြင်းအားဖြင့် သူ၏ တပ်မက်မှု အလိုလိုက်ခြင်း၌ (၁ဘုရင်၊၁၁း၁-၃)၊ သူ့ထံသို့ နှစ်ကြိမ်ပေါ် ထွန်းလာခဲ့သည့် ဘုရားသခင်ကို စွန့်ပယ်ခြင်း၌ (အငယ်၊၉၁)၊ သူချစ်ခဲ့သော တိုင်းတစ်ပါးမိန်းမများအား ဖြင့် သွေးဆောင်ခံရခြင်းမှတစ်ဆင့် တစ်ပါးအမျိုးသားရုပ်တုများကို ကိုးကွယ်ခြင်း (အငယ်၊၄-၈) စသည်တို့၌ဖြစ်သည်။

B. ရှောလမုန်၌ ဇနီးခုနစ်ရာနှင့် ကိုယ်လုပ်တော်သုံးရာ ရှိခဲ့သည် (အငယ်၊၃)။ သူတို့၏ အလိုဆန္ဒကို ကျေနပ်စေရန်အလို့ငှာ သူသည် မြင့်သောအရပ်များကို တည်ဆောက်ခဲ့ သည်။ သူ၏ဇနီးများက “စိတ်နှလုံးတော်ကို အခြားတစ်ပါးသော ဘုရားများ နောက်သို့ လွဲစေခဲ့သည်” (အငယ်၊၄)။ “ရှောလမုန်သည် ဇိဒုန်နတ်သမီး အာရှတရက်၊ အမ္မုန် အမျိုးတို့၏ စက်ဆုပ်ဖွယ်သော အရာ မိလကုံ နောက်သို့လိုက်ခဲ့သည်” (အငယ်၊၅)။

C. "ရှောလမုန်သည် မောဘ၏ စက်ဆုပ်ဖွယ်သောအရာ ခေမုရှနှင့် အမ္မုန်အမျိုးသားတို့၏ စက်ဆုပ်ဖွယ်သောအရာ မောလုတ်အဖို့ ယေရုရှလင်မြို့ရှေ့၌ရှိသော တောင်ပေါ်တွင် မြင့်သောအရပ်ကို တည်လေ၏" - အငယ်၊၇။

1. ရှောလမုန်စိုးစံရာကာလအတွင်း ဗိမာန်တော်သည် ယေရုရှလင်မြို့၌ တည်ဆောက်ခြင်းရှိကာ၊ သခင်ဘုရား၏ဘုန်းတော်သည် ဗိမာန်တော်ကို ဖြည့်ပေးခြင်း ရှိခဲ့သည်။ ဗိမာန်တော်ကို တည်ဆောက်ခြင်းခေတ်ကာလသည် အစ္စရေး အမျိုးသားတို့၏သမိုင်းကြောင်း၌ ရွှေရောင်လွှမ်းသောအချိန် ဖြစ်ခဲ့သည် - ၈း၁၀-၁၁။
2. တုန့်ပြန်ရာမဲ့နေရာ ယေရုရှလင်မြို့သည် တစ်လုံးတစ်ဝဖြစ်ခြင်းကို ပုံဆောင်ပြီး၊ မြင့်သောအရပ်များသည် ကွဲပြားခြင်းများကို ပုံဆောင်သည်။ ဆိုးညစ်သော၊ စက်ဆုပ်ရွံရှာဖွယ်သောအရာများ၏ ပုံစံအားလုံးသည် မြင့်သောအရပ်များကို တည်ထောင်ခြင်းနှင့် ဆက်နွှယ်နေသကဲ့သို့၊ ဓမ္မသစ်အသုံးအနှုန်းအရ ဆိုးညစ်မှုပုံစံအားလုံးသည် ကွဲပြားခြင်းနှင့် ဆက် နွှယ်နေသည် - ၁ကော၊၁း၁၀ မှတ်စု ၃။
3. ရှောလမုန်သည် ဘုရားသခင်၏စိတ်နှလုံးတော်အတိုင်း ဘုရားသခင့်လူများ၏ တစ်လုံးတစ်ဝဖြစ်ခြင်းအခြေပြုနေရာ အပေါ် ဗိမာန်တော်ကို တည်ဆောက်ခဲ့သူ ဖြစ်ခဲ့သော်လည်း၊ သူသည် နောက်တစ်ဖန် မြင့်သောအရပ်များကို တည် ဆောက်ရာတွင် ဦးဆောင်ခဲ့ခြင်းမှာ မှတ်သားဖွယ်ရာဖြစ်ပေသည် - ၁ဘုရင်၊၁၁း၆-၈။

D. ဤအရာက သူ၏မျိုးဆက်များထံ သူတို့နိုင်ငံ၏ ကိုးဆယ်ရာခိုင်နှုန်းထက်မက ဆုံးရှုံးမှုကို ဖြစ်စေကာ၊ ဘုရားသခင်၏ရွေး ချယ်ခံလူမျိုးတော်အား ဆွေစဉ်မျိုးဆက်များစွာ တစ်လျှောက်လုံး သူတို့အလယ်တွင် ကွဲပြားခြင်းနှင့် ရှုပ်ထွေးခြင်းဒုက္ခကို ခံစားရစေခဲ့သည်။ နောက်ဆုံးတွင် သူတို့သည် ဘုရားသခင်ပေးထားခဲ့သည့် မြေအား ဆုံးရှုံးသွားကြကာ၊ ရုပ်တုကိုးကွယ်ရာ တိုင်းတစ်ပါးနယ်မြေများ၌ ဖမ်းဆီးသိမ်းသွားခံရသူများ ဖြစ်လာခဲ့ကြသည်။

E. အစ္စရေးအမျိုးသားတို့သည် ရှောလမုန်၏ ကျဆင်းခြင်းကြောင့် ဒုက္ခဆင်းရဲ ခံစားနေကြရဆဲဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့ထံ သတိပေးချက်၊ နှိုးဆော်တပ်လှန့်ချက်ဖြစ်ပါတကား။ ကျွန်ုပ်တို့သည် ဂရုစိုက်ကြရမည်ဖြစ်သည်။ တပ်မက်မှု လွန်ကျူးခြင်း၌ အနည်းငယ်မျှ ကျဆင်းခြင်းသည်ပင် အသင်းတော်အသက်တာကို ဖျက်ဆီးပစ်၍၊ အသင်းတော်အသက်တာ၏ ခမ်းနားထည်ဝါသော သွင်ပြင်များကို သေသွားစေနိုင်ပေသည်။

F. ထို့ကြောင့် ကျွန်ုပ်တို့သည် အသေးငယ်ဆုံးအရာ၌ပင် ဂရုစိုက်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ဝိညာဉ်အတိုင်း လျှောက်လှမ်းသင့်ပါသည် (ရော၊၈း၄။ ဉွန်း၊

ဇ၁၄း၈-၁၀)။ ဘုရားသခင်၏လူများသည် ကိုယ်တော်နှင့်အတူ တွဲဖက်အသက်ရှင်ခြင်း၊ ကိုယ်တော်အပေါ် အမြဲမှီခိုခြင်း၊ ကိုယ်တော်နှင့်အတူ တစ်လုံးတစ်ဝဖြစ်ခြင်း ရှိသင့်ပါသည် (ယောရှု၉း၁၄။ ၂ကော၆း၁၈။ ၁ကော၃း၉။ မ၁း၂၃)။

G. ရှောလမုန်သည် ညှိုးငယ်စိတ်ပျက်ဖွယ်ရာ၌ ကွယ်လွန်ခဲ့သည် (၁ဘုရင်၁၁း၄၀-၄၃)။ သူ၏ဘုန်းသည် မြက်ပင်အပွင့်ကဲ့သို့ ကြွေကျခဲ့ပြီး (မ၆း၂၉။ ၁ပေ၁း၂၄)၊ သူ၏ ခမ်းနားထည်ဝါသောလုပ်ဆောင်မှုအသက်တာသည် သူဟောပြောခဲ့သည့်အတိုင်း "အနတ္တတကာ့အနတ္တ" ဖြစ်သွားခဲ့သည် (ဒေ၁း၂)။

## II. ကျွန်ုပ်တို့သည် ရှောလမုန်၏ ကျရှုံးမှုကို ဝိညာဉ်ရေးအသက်၏အလင်းအောက်၌ မြင်ရန် လိုအပ်သည်။

A. ရှောလမုန်သည် ပညာရှိသောလူဖြစ်ခဲ့သော်လည်း၊ ဝိညာဉ်ဆိုင်ရာလူမဟုတ်ပါ။ စွမ်းဆောင်နိုင်သောလူဖြစ်သော်လည်း၊ အသက်၏လူတစ်ဦး မဟုတ်ပါ။ ဘုရားသခင်ပေးထားသည့် ကောင်းသောမြေကို သူ၏မွေ့လျော်ဝမ်းမြောက်မှုမှာ သူ့ကို ဘုရားသခင်ပေးထားသည့် ဆုကျေးဇူးမှတစ်ဆင့် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပါသည်။ သို့သော်လည်း သူ၏ဝိညာဉ်ရေး ရာအသက်၌ ကြီးရင့်မှု အနည်းငယ်သော ပမာဏသာ ရှိခြင်းကြောင့် သူသည် ဘုရားသခင်၏စီမံကိန်း၌ ကောင်းသောမြေကို မွေ့လျော်ဝမ်းမြောက်ခြင်းမှ ဖြတ်တောက်ခံရသည်၊ အကြောင်းမှာ သူ၏တပ်မက်မှုအလိုသို့ မထိန်းမသိမ်းနိုင်အောင် လွန်ကျူးခဲ့ခြင်းကြောင့် ဖြစ်သည် - ၁ကော၂း၁၄-၁၅။ ၃း၁၊ ၃။

B. ရှောလမုန်၏ ဘုရားသခင်ပေးထားသော ပညာက သူ့ကို သူ၏နေ့ရက်ကာလ၌ လောကတွင် အကြီးမြတ်ဆုံးသောသူဖြစ် စေခဲ့သည်။ သို့သော်လည်း သူ၏ပညာသည် မည်သည့်ဝိညာဉ်ရေးရာဒြပ်သဘာဝမျှ မပါဘဲ၊ ရုပ်ပိုင်းဆိုင်ရာနယ်ပယ်၌သာ လုံးဝရှိခဲ့သည်။ သူ၏ပညာသည် ရောက်လာမည့် စစ်မှန်သောပညာ၏ အရိပ်သာဖြစ်ပြီး၊ ၎င်းသည် ပေါလု၏ပညာနှင့် လုံး လုံးလျားလျား ခြားနားသည် - ၁း၂၄၊ ၃၀။

C. ပေါလု၏ပညာသည် ဝိညာဉ်ဆိုင်ရာပညာဖြစ်ပြီး၊ ခရစ်တော်က ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ သူ၏အိမ်ဆောက်နေထိုင်ခြင်း (ဧ၃း၁၇)၊ ကျွန်ုပ်တို့၏လျှောက်လှမ်းခြင်းနှင့် ကျွန်ုပ်တို့ဖြစ်ခြင်းကို ဝိညာဉ်အတိုင်း ထားရှိခြင်း (ရော၈း၄)၊ ဝိညာဉ်နှစ်ပါး - ဘုရားဆိုင်ရာဝိညာဉ်တော်နှင့် လူသားဝိညာဉ် - တို့သည် တစ်ဝိညာဉ်တည်းအဖြစ် အတူတကွ ရောနှောပေါင်းစည်းခြင်း (အငယ်၁၆။ ၁ကော၆း၁၇) တို့နှင့်စပ်လျဉ်းသည့် ပညာဖြစ်သည်။

D. ဘုရားသခင့်စီမံကိန်း၏နက်နဲခြင်းများသည် ပေါလုထံသို့ အဓိကအားဖြင့် ဖွင့်လှစ်ပြသပေးခဲ့သည် (ကော၂း၂။ ဧ၃း၃-၅၊၉-၁၀)။ ယနေ့ ကျွန်ုပ်တို့သည် စကြဝဠာရှိ အမြင့်မား

ဆိုးသော ပညာကို သိရှိလိုလျှင် ပေါလု၏ဩဝါဒစာစောင်များရှိ သမ္မာတရားများကို ကြည်လင်ပြတ်သားစွာလေ့လာခြင်းအထဲသို့ ဝင်ရောက်သွားရမည်ဖြစ်သည်။ စစ်မှန်သောပညာသည် ခရစ်တော်၌ ကိုယ်ထင်ရှားနေသော ဘုရားသခင်ဖြစ်ပြီး၊ ကျွန်ုပ်တို့၌ ရှိရန် ကျွန်ုပ်တို့၏ပညာဖြစ်လာပြီး၊ ကျွန်ုပ်တို့ကို ဘုရားသခင်နှင့် တစ်လုံးတစ်ဝ ဖြစ်စေ၍၊ ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်လာစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ လက်ရာမွန်၊ ကိုယ်တော်၏ကဗျာဖြစ်လာကြကာ၊ ကိုယ်တော်၏အကန့်အသတ်မဲ့ ပညာတော်နှင့် ဘုရား ဆိုင်ရာ ဒီဇိုင်းကို ထုတ်ဖော်ပြသခြင်း ဖြစ်ကြသည် (၁ကော၊၁း၂၄၊ ၃၀။ ဧ၊၂း၁၀။ ၃း၉-၁၁)။

III. **ရှောလမုန်သည် ဇာတိစွမ်းဆောင်ရည် ပြည့်ဝသောလူဖြစ်သော်လည်း၊ အသက်၏လူ မဟုတ်ပါ၊ သူ၏ပညာသည် ဆုကျေးဇူး ဖြစ်သော်လည်း၊ အသက်၏ပမာဏမဟုတ်ပါ။ သူ ပြီးစီးခဲ့သည့် လုပ်ဆောင်ချက်များမှာ သူ့အား ဘုရားသခင်ပေးထားသည့် ပညာဆုကျေးဇူး ၏ စွမ်းဆောင်ရည် သက်သေထင်ရှားခြင်းဖြစ်ပြီး၊ အသက်၏ရင့်ကျက်မှုစွမ်းရည် ထင်ရှား ဖော်ပြခြင်းမဟုတ်ပါ - ဟေဗြဲ၊၆း၁။ ကော၊၁း၂၈-၂၉။ ဖိ၊၃း၁၂-၁၅။**

A. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဇာတိစွမ်းဆောင်ရည်နှင့် အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းကို ဖြတ်ကျော်ခဲ့သည့် စွမ်းဆောင်ရည်တို့အကြား ခြားနားချက်ကို မြင်ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အရာများ၌ ကျွန်ုပ်တို့ဇာတိဖြစ်ခြင်းနှင့် ဇာတိစွမ်းဆောင်ရည်၏ မစွမ်းဆောင်နိုင်မှု၊ မလုံလောက်မှုကို သိမှတ်နားလည်ရန် လိုအပ်သည် - တ၊၇း၂၂။ ထွ၊၃း၂-၃၊ ၁၄-၁၅။ ၁ကော၊၂း၁၄။ ဖိ၊၃း၃-၉။ ၂ကော၊၃း၅-၆။

B. ကျွန်ုပ်တို့သည် ဘုရားသခင်၏အရာများ၌ ကျွန်ုပ်တို့၏ဇာတိဖြစ်ခြင်းကို မည်သည့်ကိုးစားမှုမျှ မရှိသင့်ပေ။ ထိုအစား ကျွန်ုပ် တို့သည် ကျွန်ုပ်တို့၏ဇာတိဖြစ်ခြင်းကို ငြင်းပယ်ရန်နှင့် ခရစ်တော်၏ရှင်သန်သော ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် အရာခပ်သိမ်း၌ ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ရန် သင်ယူရမည်ဖြစ်သည် - ဖိ၊၃း၃။ ရော၊၈း၄။ ၁တိ၊၄း၇။

C. သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့၏ဇာတိဖြစ်ခြင်းအတွက် နေရာ မရှိပါ။ သခင်ဘုရားပြန်လည်ရယူခြင်းရှိ အသင်းတော်များသည် ခရစ်တော်၏ရှင်သန်သော ကိုယ်ခန္ဓာတော် အစိတ်အပိုင်းများအဖြစ် ဇာတိဆိုင်ရာ မှန်သမျှကို အလိုအလျောက် ငြင်းပယ်လိမ့်မည်ဖြစ်သည် - ၁ကော၊၁၂း၁၂-၁၃။

D. အသင်းတော်ကို တည်ဆောက်ခြင်း၌ ကျွန်ုပ်တို့အတူတကွ ပေါင်းစည်းဆက်နွယ်ခြင်း မရှိနိုင်မီ၊ ကျွန်ုပ်တို့၌ရှိသည့် ဇာတိအရာမှန်သမျှသည် ချိုးဖဲ့ခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့

၏ဇာတိဖြစ်ခြင်း၌ ကျိုးပဲ့ကြေမွပြီးမှသာ ကျွန်ုပ်တို့ တည်ဆောက်ခံ နိုင်မည်ဖြစ်သည် - ဓမ္မသီချင်း ၅၆ အပိုဒ် ၆ နှင့် ၇။

E. ဇာတိစွမ်းရည်သည် ကိုယ်ကျိုးကြည့်ခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့ကို မာနတက်စေကာ၊ ဝါကြွားခြင်းနှင့် မိမိဘုန်းကိုရှာခြင်းတို့ အား ထွက်ပေါ်စေသည်။ ရှင်ပြန်ထမြောက်သော စွမ်းရည်သည် မာနမရှိဘဲ၊ မိမိကိုယ်တိုင်၌ ဝါကြွားခြင်း မရှိပေ - ညွှန်း၊ ကော၊၁း၁၇ခ၊ ၁၈ခ။ ဖိ၊၃း၃။ ၂ကော၊၁၂း၉။

F. ဇာတိစွမ်းရည်သည် တစ်ကိုယ်ကောင်းဆန်ပြီး၊ ၎င်း၏ကြံစည်မှုနှင့် ပရိယာယ်သည် ဘုရားသခင်၏အလိုတော်အတွက် အလေးထားမှုတစ်ခုမျှမပါဘဲ၊ အတ္တ၏အကျိုးအလို့ငှာ ဖြစ်သည်။ ရှင်ပြန်ထမြောက်သော စွမ်းရည်သည် ဘုရားသခင်၏ အလိုတော် အတွက် ဖြစ်သည်။ ၎င်းသည် ကျိုးပဲ့ခြင်းရှိခဲ့ပြီး၊ အတ္တအတွက်မဟုတ်ဘဲ၊ အတ္တ၏ဒြပ်သဘာဝ မရှိပေ - ညွှန်း၊မ၊၁၆း၂၄။

G. ဇာတိစွမ်းရည်သည် မိမိကိုယ်ကိုမှီခိုခြင်းနှင့် မိမိကိုယ်ကိုယုံကြည်စိတ်ချခြင်း ရှိစေပြီး၊ မိမိကိုယ်တိုင်အားဖြင့် ပြုမူကာ၊ ဘုရားသခင်အပေါ်၌မဟုတ်ဘဲ မိမိကိုယ်တိုင်အပေါ် မှီခိုခြင်း ရှိစေသည်။ ရှင်ပြန်ထမြောက်သောစွမ်းရည်သည် ဘုရားသခင် အပေါ် မှီခိုခြင်း ရှိကာ၊ အမှန်ပင် တတ်စွမ်းနိုင်ခြင်း၊ လုပ်ဆောင်နိုင်ခြင်းရှိသော်လည်း အတ္တအတိုင်း ပြုမူဝံ့ခြင်း မရှိပေ။ ရှင်ပြန်ထမြောက်သော စွမ်းရည်သည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ထိန်းချုပ်ထားပေးကာ၊ မိမိ၏ဆန္ဒပြုခြင်းများ အတိုင်း ပြုမူဝံ့ခြင်း မရှိပေ - ညွှန်း၊ ၂ကော၊၁း၈-၉။ ၄း၆-၇။ ၁၂း၇-၉။

H. ဇာတိစွမ်းရည်သည် ဘုရားဆိုင်ရာဒြပ်သဘာဝ မရှိပေ။ ၎င်းသည် မိမိဘုန်းကို ရှာပြီး၊ မိမိ၏အလိုဆန္ဒကိုသာ ကျေနပ်စေသည်။ ၎င်းသည် အသွေးအသားနှင့် အမျက်ဒေါသ ၏ဒြပ်သဘာဝများဖြင့် ရောနှောပေါင်းစည်းထားသည်။ ထို့ကြောင့် ၎င်းသည် နှစ်သက်သဘောကျခြင်းမရှိသည့်အခါ ၎င်းသည် နှိုးဆွခံရသည်။ ရှင်ပြန်ထမြောက်သည့် စွမ်းရည်သည် အသွေးအသားနှင့် ကင်းလွတ်သည် - ညွှန်း၊ ၁သက်၊၂း၄။

I. ဇာတိစွမ်းရည်သည် ယာယီမျှသာဖြစ်ပြီး၊ စမ်းသပ်စစ်ဆေးခြင်းများ၊ နှောင့်ယှက်ခြင်း များ သို့မဟုတ် ဆန့်ကျင်မှုတို့ကို ခံရပ် ရန် မတတ်စွမ်းနိုင်ပေ။ ရှင်ပြန်ထမြောက်သော စွမ်းရည်သည် ခမည်းတော်ကို ချီးမွမ်းထောမနာပြုပြီး၊ ခမည်းတော်၏ အလိုတော်ကို သိကျွမ်းခြင်းရှိသည် - မ၊၁၁း၂၀-၂၆။ ယော၊၂း၁၉။ တ၊၂း၂၄။

J. ဇာတိစွမ်းရည်အတိုင်း အစေခံသောသူများသည် အခြားသူများထံမှ ဆု သို့မဟုတ် ချီးမွမ်းပြောဆိုခြင်းကို ခံလိုကြသည်။ ရှင်ပြန်ထမြောက်သောစွမ်းရည်အတိုင်း အစေခံ သောသူများသည် ခရစ်တော်ကို အမြတ်ရရန် အလိုရှိကြပြီး၊ ကိုယ်တော်ထံသို့

ကောင်းသောကျေနပ်အားရရာဖြစ်ခြင်း ဂုဏ်အသရေကို အမြတ်ရရှိရန် ဆုံးဖြတ်ခြင်းရှိကြသည် - ဖိ၊၃း၈။ က၊၁၅း၁။ ဟေဗြဲ၊၁၁း၅-၆။ ၂ကော၊၅း၉။

K. ဇာတိစွမ်းရည်သည် မိမိကိုယ်ကို ဖော်ပြထင်ရှားရန်၊ လူသိများထင်ရှားရန်၊ လူရှေ့တွင် သြဇာထင်ရှားရန် နှစ်သက်သည်။ ရှင်ပြန်ထမြောက်သော စွမ်းရည်သည် "မိမိကိုယ်ကို ဝှက်ထားတော်မူသော ဘုရားသခင်" နှင့်အတူ တစ်လုံးတစ်ဝဖြစ်ဖို့ လျှို့ဝှက်ခြင်း၌ အရာများကို လုပ်ဆောင်ရန်၊ "အောက်သို့ အမြစ်စွဲ၍၊ အထက်သို့ အသီးကိုသီးခြင်း" ရှိရန် နှစ်သက်သည် - ဟေရှာ၊၄၅း၁၅။ ၃၇း၃၁။ မ၊၆း၄၊ ၆၊ ၁၇-၁၈။

L. အသက် မပါရှိသော ဇာတိစွမ်းရည်နှင့် တတ်စွမ်းနိုင်မှုသည် မြွေကဲ့သို့ဖြစ်ကာ၊ ဘုရားသခင်၏လူများကို အဆိပ်ခတ်နေသည်။ အသက်သည် ချိုးငှက်ကဲ့သို့ဖြစ်ကာ၊ ဘုရားသခင်၏လူများကို အသက်ဖြင့် ထောက်မပေးပြီး၊ ကျွန်ုပ်တို့ကို မိမိ၏ လူသားဇာတိ၌ ကိုယ်တော်၏ရနံ့မွှေးကြိုင်သော ကောင်းမြတ်ခြင်းများမှတစ်ဆင့် ကိုယ်တော်၏ ကြွယ်ဝသော ဂုဏ်အင်္ဂါတော်များရှိသော ပေါ်များကြွယ်ဝသည့် ဘုရားသခင်ကို ထင်ရှားသည့်သူဖြစ်စေသည်။ အသက်သည် ကျွန်ုပ်တို့အား ဆူးချုံကြားမှ ထွက်ပေါ်ကြီးထွားသော နှင်းပန်းပင်ကဲ့သို့လည်းကောင်း၊ မှောင်မိုက်ညဥ့် ထွန်းလင်းသော တောက်ပသည့် ကြယ် ကဲ့သို့လည်းကောင်း ဖြစ်လာစေသည် - ညွှန်း၊ ထွ၊၄း၁-၉။ မ၊၃း၁၆-၁၇။

M. လူတို့သည် မိမိတို့၏ဇာတိစွမ်းရည်ကို အသင်းတော်အထဲသို့ ယူဆောင်လာရန် ကြိုးစားကြသည့်အခါတိုင်း အသင်းတော် ၏စစ်မှန်ခြင်းသည် ပျောက်ဆုံးသွားခဲ့သည်။ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ဖြတ်ကျော်ပြီးသည့်အရာသာလျှင် အသင်းတော်အထဲသို့ ယူဆောင်လာနိုင်မည်ဖြစ်သည် - ၁ကော၊၃း၁၆-၁၇။

**IV. အစ္စရေးပြည်နှင့် ယုဒပြည်မှ ရှင်ဘုရင်လေးဆယ့်တစ်ပါးသည် အမြင့်ဆုံးသောအဆင့်အနေအထား၌ ရှိခဲ့ကြသည်၊ သို့သော် သူတို့သည် ကောင်းသောမြေကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ သတိပြုဂရုစိုက်ခြင်း မရှိခဲ့ကြပေ။ ဒါဝိဒ်သည်ပင်လျှင် ကောင်းသောမြေကို အပြည့်အဝ မွေ့လျော်ဝမ်းမြောက်ခြင်း မရှိခဲ့ပါ။ ကျွန်ုပ်တို့သည် သူတို့၏ဥပမာကို ကျွန်ုပ်တို့ကိုယ်တိုင်ထံ ယူ ဆောင်လျှောက်လှမ်းရမည်ဖြစ်သည်။**

A. အစ္စရေးလူတို့၏ ဆိုးညစ်မှုကဲ့သို့ပင် ဆိုးညစ်သောရှင်ဘုရင်များ၏ ဆိုးညစ်မှု အရင်းအမြစ်မှာ သူတို့သည် ဘုရားသခင်ကို အသက်ရှင်သောရေ၏ စမ်းရေတွင်းအဖြစ်မှ စွန့်ပယ်ခြင်းနှင့် ရေမလုံသော ကျိုးပျက်သည့် ရေတွင်းများဖြစ်သည့် ဘုရားမဲ့တို့၏ ရုပ်တုများသို့ လှည့်ပြန်သွားကြခြင်းပင် ဖြစ်သည်။ ဤဆိုးညစ်မှုနှစ်ခုသည် သူတို့ကို ရုပ်တုကိုးကွယ်ခြင်းနှင့် တပ်မက်မှုအလိုလိုက်ခြင်း၏ သေခြင်းရေများအထဲသို့ နစ်မြုပ်သွားစေခဲ့သည် - ယေ၊၂း၁၃။

## ကြည်လင်ပြတ်သားစွာလေ့လာခြင်းကောက်နုတ်ချက်များ

B. ယနေ့ ကျွန်ုပ်တို့သည် ရှင်ဘုရင်များဖြစ်ကြကာ၊ ကျေးဇူးတော်နှင့် ဖြောင့်မတ်ခြင်း၏ ဆုကျေးဇူးကို ပေါများကြွယ်ဝစွာ လက်ခံရရှိခြင်းအားဖြင့် အသက်၌ ခရစ်တော်နှင့် အတူ စိုးစံသူများဖြစ်ကြသည် (ရော၊၅း၁၀၊ ၁၇)။ ကျွန်ုပ်တို့သည် ပေါလု၏ စံနမူနာ နောက်သို့ လိုက်ရန် အားထုတ်ကြိုးစားသင့်သည်၊ သူသည် ခရစ်တော်နှင့်အတူ ကားတိုင်ပေါ်အသေခံခဲ့ပြီးဖြစ် ကြောင်း၊ သူအသက်မရှင်တော့ဘဲ၊ သူ၌ ခရစ်တော် အသက်ရှင်နေကြောင်း ကြွေးကြော်နိုင်ခဲ့သူဖြစ်သည် (ဂလ၊၂း၂၀)။ သူက သူသည် ယေရှုခရစ်တော်၏ ဝိညာဉ်တော် ကြွယ်ဝစွာ မစမှု၊ ကိုယ်ခန္ဓာတော်၏ မစမှုကို လက်ခံ ရရှိခြင်းအားဖြင့် ကိုယ်တော်၏ကြီးမားထင်ရှားခြင်းအတွက် ခရစ်တော်ကို အသက် ရှင်ခဲ့ကြောင်း ပြောခဲ့သည် (ဖိ၊၁း၁၉-၂၁က)။

C. ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်သည် သုံးပါးတစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံ ခြင်းအဖြစ် အသက်ပေးသောဝိညာဉ်တော် ဖြစ်လာခဲ့သည် (၁ကော၊၁၅း၄၅ခ)။ ဤ ဘုရားဆိုင်ရာ အရာအားလုံးပါဝင်သော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်အထဲသို့ ဝင်ရောက်ကာ၊ ကျွန်ုပ်တို့၏အသစ်မွေးဖွားခံရသော ဝိညာဉ်နှင့် ရောနှောပေါင်းစည်း၍၊ ဘုရားနှင့်လူ၊ လူနှင့် ဘုရားကို ရောနှောပေါင်းစည်းထားသော ဝိညာဉ်၌ တစ်လုံးတစ်ဝ တည်းဖြစ်လာစေခဲ့သည်။ ဤဝိညာဉ်နှစ်ပါးသည် ယခုမှာ တစ်ခုတည်းသော ထုံးဖွဲ့မှု အဖြစ် အတူတကွ ရောနှောပေါင်းစည်းခဲ့ပြီဖြစ်သည် (၆း၁၇။ ရော၊၈း၁၆)။

D. ယနေ့ ဝိညာဉ်တော်ဘုရားသည် အရာအားလုံးပါဝင်သောဝိညာဉ်တော်၊ ပေါင်းစပ်ထား သောဝိညာဉ်တော်၊ ဘိသိက်ပေးသောဝိညာဉ်တော်၊ အဆင့်ဆင့်ဖြတ်ကျော်ခဲ့သည့် သုံးပါးတစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံခြင်းအဖြစ် ပြီးမြောက်ပြည့်စုံသောဝိညာဉ် တော် ဖြစ်သည် - ဖိ၊၁း၁၉။ ထွ၊၃၀း၂၂-၂၅။ ၁ယော၊၂း၂၇။ ၁ကော၊၂း၁၀။ ဗျာ၊၂၂း၁၇က။

E. ယနေ့ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် ရောနှောပေါင်းစည်းထား သောဝိညာဉ်သို့၊ ဝိညာဉ်တော်နှင့် ကျွန်ုပ်တို့၏ဝိညာဉ် ရောနှောပေါင်းစည်းခြင်းသို့ အပြည့်အဝ အလေးထားရန်နှင့် ဤရောနှောပေါင်းစည်းထားသောဝိညာဉ်အတိုင်း ကျွန်ုပ်တို့ဖြစ်ခြင်းကို အသက်ရှင်ခြင်း၊ လျှောက်လှမ်းခြင်း၊ ဖြစ်တည်ခြင်း ရှိရကြမည်၊ သို့မှသာ ကျွန်ုပ်တို့သည် အသက်၌ အမှန်ပင် စိုးစံခြင်းရှိနိုင်မည်ဖြစ်သည် (ရော၊၈း၄။ ၅း၁၀၊ ၁၇)။ ဤရောနှောပေါင်းစည်းထားသော ဝိညာဉ်သည် ခရစ်တော် ကိုယ်ခန္ဓာ တော်၏ အစပြုရာဖြစ်ပြီး၊ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် (ဧ၊၁း၁၇။ ၂း၂၂။ ၃း၅၊ ၁၆။ ၄း၂၃။ ၅း၁၈။ ၆း၁၈။ ဗျာ၊၂၁း၁၀)။